# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## သတ္တမနေ့ အစီအစဉ်

## [ ၁၀–၂–၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၏ **လွှတ်တော်ကိုယ်စားလှယ်များ တာဝန်ထမ်းဆောင်နေချိန်တွင် လိုက်လံစုံစမ်း၊ မေးမြန်း သတင်း ရယူနေကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို မည်သည့်တာဝန်ရှိ ပုဂ္ဂိုလ်အဖွဲ့အစည်းများမှ တာဝန်ပေးထားခြင်းရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစဲကီကော်၊ မိုင်းခတ် မဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်းများ၊ ဒေသ အသီးသီးတွင် တာဝန်ထမ်းဆောင်ရာ၌ တာဝန်ထမ်းဆောင်မှု ကာလ တစ်ပြေးညီသတ်မှတ်ပေးရန်နှင့် မိုင်းခတ်မြို့နယ် အပါအဝင် ဒေသအသီးသီးတွင် ဝန်ထမ်းအင်အား ပြန်လည် ဖြည့်တင်း ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါ်မြခွာညိုဦး၊ ရွှေတောင် မဲဆန္ဒနယ်၏ **ရွှေတောင်မြို့နယ် အပါအဝင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြစ်အတွင်း ပြုလုပ်နေသော မြစ်ကျောက်လုပ်ငန်းများမှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချမှတ်ထားသော ဥပဒေစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပူးပေါင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ၏ အနောက်ဘက်နယ်စပ်နှင့် ထိစပ်လျက်ရှိသည့် တစ်ဖက်နိုင်ငံမှ ထုတ်လုပ်သော တယ်လီဖုန်း (Sim Card) များကို မောင်တော၊ ဘူးသီးတောင်မြို့နယ်များ၌ တွင်ကျယ်စွာ သုံးစွဲနေခြင်းကို တားဆီးအရေးယူပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ **မင်းတပ်မြို့နယ်ရှိ မကွီအိမ်နူး ကျေးရွာအုပ်စုအား မကွီအိမ်နူး၊ ကြုံလောင်၊ ထိန်ပြူး၊ ဗွီနူး စသဖြင့် ရပ်ကွက် လေးရပ်ကွက်ပါသော မကွီအိမ်နူးမြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ နေအိမ်အဆောက်အဦများအား သပ်ရပ်ကျယ်ဝန်းသော အဆင့်မီသည့် နေအိမ်များအဖြစ် ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၏ **ပြည်ထဲရေးဝန်ကြီးဌာနအနေနှင့် ရပ်ကွက် (သို့) ကျေးရွာအုပ်စုများ၌ ပြုစုထားရှိရမည့် စာရင်းဇယားများကို တိကျမှန်ကန်စေရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့်**

**ကျေးရွာစာရေးများကို မည်ကဲ့သို့ ဆောင်ရွက်ရန် ညွှန်ကြားထားပါကြောင်းနှင့် ရုံးပုံမှန်မတက်သော ဝန်ထမ်းများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **ရဲတပ်ဖွဲ့အင်အားအနေအထားအရ ရာခိုင်နှုန်းမည်မျှထိ ခန့်ထားနိုင်သေးကြောင်း ဖြေကြားပေးနိုင်ခြင်း ရှိ၊မရှိ၊ ပြီးပြတ်မှုမရှိဘဲ ကျန်ရှိနေသော အမှုများ၏ အဓိကအခက်အခဲနှင့် ဆောင်ရွက်နေမှုအကြောင်း ရှင်းလင်းဖြေကြားနိုင်ခြင်း ရှိ၊ မရှိ၊ မူခင်းကျဆင်းရေး အထူးစီမံချက်များ ရေးဆွဲဆောင်ရွက်ရန် အစီအမံများ ရှိ၊ မရှိ၊ ပြေး(၄)ပြေးနှင့် ပတ်သက်၍ မည်သည့်အစီအမံများ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်း ချပြနိုင်ခြင်း ရှိ၊ မရှိ တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က **“တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့ တိုက်တွန်းသည့်”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်ထဲရေးဝန်ကြီးဌာနက **"တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၉။ **"တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၁၀။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် **"တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။